myantrade

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# ကော်ဖီဈေးကွက်အလားအလာ လေ့လာချက်
# (ITC MARKET SCAN)



မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ မှ | ထိ |
|---|---|---|---|
| ၁။ | နိဒါန်း | ၁ | ၂ |
| ၂။ | ကမ္ဘာ့နိုင်ငံများ၏ ကော်ဖီထုတ်လုပ်မှုအခြေအနေ | ၂ | ၃ |
| ၃။ | ကမ္ဘာ့နိုင်ငံများ၏ ကော်ဖီစားသုံးမှုအခြေအနေ | ၄ | ၅ |
| ၄။ | ကမ္ဘာ့နိုင်ငံများ၏ ကော်ဖီတင်ပို့မှုအခြေအနေ | ၅ | ၆ |
| ၅။ | ကမ္ဘာ့နိုင်ငံများ၏ ကော်ဖီတင်သွင်းမှုအခြေအနေ | ၆ | ၇ |
| ၆။ | ကမ္ဘာ့ကော်ဖီဈေးနှုန်း | ၇ | ၉ |
| ၇။ | မြန်မာနိုင်ငံ၏ ကော်ဖီထုတ်လုပ်မှု အခြေအနေ | ၉ | ၁၁ |
| ၈။ | မြန်မာနိုင်ငံ၏ ကော်ဖီစားသုံးမှုအခြေအနေ | ၁၁ | ၁၁ |
| ၉။ | မြန်မာနိုင်ငံ၏ ကော်ဖီတင်ပို့မှုအခြေအနေ | ၁၁ | ၁၄ |
| ၁၀။ | မြန်မာနိုင်ငံမှ ကော်ဖီတင်ပို့ရန်အတွက် အလားအလာကောင်းသည့် ဈေးကွက်များ | ၁၅ | ၁၅ |
| ၁၁။ | ဂျာမနီဈေးကွက်အခြေအနေ | ၁၆ | ၁၉ |
| ၁၂။ | ထိုင်းဈေးကွက်အခြေအနေ | ၂၀ | ၂၃ |
| ၁၃။ | ဂျပန်ဈေးကွက်အခြေအနေ | ၂၃ | ၂၆ |
| ၁၄။ | မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် လိုအပ်ချက်၊ အားနည်းချက်၊ အားသာချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ | ၂၆ | ၂၇ |
| ၁၅။ | သုံးသပ်အကြံပြုတင်ပြချက် | ၂၇ | ၂၉ |
| ၁၆။ | နိဂုံး | ၂၉ | ၂၉ |


**ကျမ်းကိုးစာရင်း**

## ကော်ဖီဈေးကွက်အလားအလာ လေ့လာချက် (ITC Market Scan)

**နိဒါန်း**

၁။ ကော်ဖီသည် ကမ္ဘာပေါ်တွင် ရေပြီးလျှင် အများဆုံး သောက်သုံးကြသည့် ဖျော်ရည်ဖြစ်ပြီး ခတ်ဆီပြီးလျှင် ကုန်သွယ်မှုအများဆုံး ကုန်စည်တစ်မျိုးလည်း ဖြစ်ပါသည်။ ယနေ့ကမ္ဘာတွင် ကော်ဖီကို သောက်သုံးရန်အတွက်သာမက အလှအပနှင့် တစ်ကိုယ်ရည်ထိန်းသိမ်းခြင်းဆိုင်ရာ ထုတ်ကုန်များ၊ ချက်ပြုတ်ခြင်း၊ စွမ်းအင်နှင့် လောင်စာဆီ၊ ဆေးဝါးနှင့် ဓာတုဗေဒလုပ်ငန်းများ အစရှိသဖြင့် နယ်ပယ်စုံတွင် အသုံးပြုကြသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ကော်ဖီ ထုတ်လုပ်သည့် နိုင်ငံများသည် ကော်ဖီထုတ်လုပ်မှုတိုးတက်စေရန် အစဉ်တစိုက် ကြိုးပမ်းလျက်ရှိကြပြီး ထုတ်လုပ်မှုနည်းသည့် နိုင်ငံများနှင့် ကော်ဖီထုတ်လုပ်မှုမရှိသည့် နိုင်ငံများသည်လည်း ထုတ်လုပ်မှုများသည့် နိုင်ငံများမှ တင်သွင်းမှုများကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိကြပါသည်။

၂။ ကော်ဖီစေ့များကို စံချိန်မမီသည့်ကော်ဖီ၊ သမားရိုးကျကော်ဖီ၊ ပရီမီယံကော်ဖီနှင့် အထူးတန်းဝင်ကော်ဖီဟူ၍ အပိုင်းလေးပိုင်းခွဲခြားထားပါသည်။ စံချိန်မမီသည့်ကော်ဖီကို ယေဘုယျအားဖြင့် အသင့်ဖျော်ကော်ဖီမှုန့် သို့မဟုတ် အသင့်သောက်ကော်ဖီဘူးကဲ့သို့ စီမံဖျော်စပ်ထားသည့် ကော်ဖီထုတ်လုပ်ရန် အသုံးပြုကြပါသည်။ သမားရိုးကျကော်ဖီ သို့မဟုတ် ဈေးကွက်ဝင်ကော်ဖီသည် အမြောက်အမြား ထုတ်လုပ်သည့် ကော်ဖီအမျိုးအစားဖြစ်ကာ အတော်များများတွေ့နိုင်ပြီး ကုန်တိုက်များတွင်လည်း ရရှိနိုင်ပါသည်။ ယင်းသမားရိုးကျ ကော်ဖီဈေးနှုန်းကို နယူးယောက်မြို့ရှိ နိုင်ငံတကာဈေးကွက်၏ ပေါက်ဈေးဖြင့် သတ်မှတ်ပါသည်။ ပရီယံကော်ဖီသည် တန်ဖိုးမြင့် ထုတ်လုပ်ထားသည့် သမားရိုးကျကော်ဖီဖြစ်ပြီး စိုက်ပျိုးရာဒေသနှင့် အရည်အသွေးအဆင့်တို့ဖြင့် သတ်မှတ်ပါသည်။ ပရီမီယံကော်ဖီနှင့် အထူးတန်းဝင်ကော်ဖီအကြား ပိုင်းခြားထားသည့် ကန့်သတ်ချက်သည် ပို၍ခက်ခဲကျဉ်းမြောင်းပါသည်။ (Nishijima et al.2017)

၃။ ကမ္ဘာပေါ်တွင် ကော်ဖီအများဆုံးထုတ်လုပ်သည့် နိုင်ငံများမှာ ဘရာဇီး၊ ဗီယက်နမ်၊ ကိုလမ်ဘီယာ၊ အင်ဒိုနီးရှားနှင့် အီသီယိုးပီးယားနိုင်ငံတို့ဖြစ်ကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကော်ဖီစိုက်ဧကပေါင်း ၆၃၂၂၆ ဧကရှိပြီး မက်ထရစ်တန်ချိန်ပေါင်း ၉၈၁၁ တန်ကို ထုတ်လုပ်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ကော်ဖီကို ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်မှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် အာရေးဗီးကားကော်ဖီကို ၈၀ ရာခိုင်နှုန်းနှင့် ရိုဘတ်စတာကော်ဖီကို ၂၀ ရာခိုင်နှုန်း စိုက်ပျိုးကြောင်း သိရှိရပါသည်။

၄။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံ (၁၆) နိုင်ငံသို့ ကော်ဖီတန်ချိန် ၁၁၉၇.၃၀၇ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅.၇၈၆ သန်း တင်ပို့နိုင်ခဲ့ပါသည်။ အဆိုပါနှစ်အတွင်း မြန်မာနိုင်ငံမှ ကော်ဖီတင်ပို့ခဲ့သည့် နိုင်ငံများမှာ ထိုင်း၊ တရုတ်၊ ဘယ်လ်ဂျီယံ၊ အမေရိကန်၊ ယူကေ၊ ထိုင်ဝမ်၊ ဂျပန်၊ နယ်သာလန်၊ စပိန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ ဆော်ဒီအာရေဗျ၊ ကနေဒါ၊ မလေးရှား၊ စင်ကာပူနှင့် အယ်ဆာလဗေးဒါးနိုင်ငံတို့ဖြစ်ကြပါသည်။

**ကမ္ဘာ့နိုင်ငံများ၏ ကော်ဖီထုတ်လုပ်မှု အခြေအနေ**

၅။ အမေရိကန်ပြည်ထောင်စု၊ စိုက်ပျိုးရေးဌာနက ထုတ်ပြန်သော အချက်အလက်များအရ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ သီးနှံဈေးကွက်နှစ် (Marketing Year[1]) အတွင်း ကော်ဖီထုတ်လုပ်မှု အများဆုံးနိုင်ငံများမှာ ဘရာဇီး၊ ဗီယက်နမ်၊ ကိုလမ်ဘီယာ၊ အင်ဒိုနီးရှား၊ အီသီယိုးပီးယားနိုင်ငံတို့ ဖြစ်ကြပါသည်။ ကမ္ဘာ့ကော်ဖီအများဆုံးထုတ်လုပ်သည့် နိုင်ငံများနှင့် ထုတ်လုပ်နိုင်မှု အခြေအနေများအား ဇယား (၁) ဖြင့် ဖော်ပြထားပါသည်။

**ဇယား (၁) ကမ္ဘာ့ကော်ဖီအများဆုံးထုတ်လုပ်သည့် နိုင်ငံများ**

Thousand 60-kilogram Bags

| စဉ် | နိုင်ငံ | ၂၀၂၁/ ၂၀၂၂ | ၂၀၂၂/ ၂၀၂၃ | ၂၀၂၃/ ၂၀၂၄ | ၂၀၂၄/ ၂၀၂၅ | ၂၀၂၅/ ၂၀၂၆ |
|---|---|---|---|---|---|---|
| (က) | ဘရာဇီး | ၅၈,၁၀၀ | ၆၂,၆၀၀ | ၆၆,၃၀၀ | ၆၅,၀၀၀ | ၆၃,၀၀၀ |
| ( ခ ) | ဗီယက်နမ် | ၃၁,၅၈၀ | ၂၈,၃၀၀ | ၂၇,၅၅၀ | ၂၉,၀၀၀ | ၃၀,၈၀၀ |
| ( ဂ ) | ကိုလမ်ဘီယာ | ၁၁,၈၀၀ | ၁၀,၇၀၀ | ၁၂,၇၆၀ | ၁၄,၈၀၀ | ၁၃,၈၀၀ |
| (ဃ) | အင်ဒိုနီးရှား | ၁၀,၅၈၀ | ၁၀,၇၀၀ | ၈,၁၅၀ | ၁၀,၇၀၀ | ၁၂,၄၅၀ |

[1] ကော်ဖီထုတ်လုပ်သည့် နိုင်ငံများအလိုက် သီးနှံဈေးကွက်နှစ် (Marketing Year-MY) သည် တူညီမှုမရှိပေ။ MY (ဧပြီ-မတ်) နိုင်ငံများမှာ အင်ဂိုလာ၊ ဘိုလီဗီးယား၊ ဘူရွန်ဒီ၊ အီကွေဒေါ၊ အင်ဒိုနီးရှား၊ မာဒါဂတ်စကာ၊ ပါပူအာနယူးဂီနီ၊ ပီရူးနှင့် ရဝမ်ဒါနိုင်ငံတို့ဖြစ်ကြပါသည်။ MY (ဇူလိုင်-ဇွန်) နိုင်ငံများမှာ ဘရာဇီး၊ ကျူးဘား၊ ဒိုမီနီကန်၊ ဖိလစ်ပိုင်၊ တန်ဇန်းနီးယား တို့ဖြစ်ကြ ပါသည်။ MY (အောင်တိုဘာ-စက်တင်ဘာ) နိုင်ငံများမှာ ကင်မရွန်း၊ တရုတ်၊ ကိုလမ်ဘီယာ၊ ကွန်ဂို၊ ကော်စတာရီကာ၊ အိုင်ဗရီကို့စ် (Cote d'voire)၊ အယ်လ်ဆာလဗေးဒါး၊ အီသီယိုးပီးယား၊ ဂွါတီမာလာ၊ ဂီနီ၊ ဟွန်ဒူးရပ်စ်၊ အိန္ဒိယ၊ ဂျမေကာ၊ ကင်ညာ၊ လာအို၊ မာလာဝီ၊ မလေးရှား၊ မက္ကဆီကို၊ နီကါရာဂွါ၊ ပနားမား၊ ဆီယာလီယွန်၊ ထိုင်း၊ တိုဂို၊ ယူဂန်ဒါ၊ အမေရိကန်၊ ဗင်နီဇွဲလား၊ ဗီယက်နမ်နိုင်ငံတို့ ဖြစ်ကြပါသည်။

| | | | | | | |
|---|---|---|---|---|---|---|
| ( င ) | အီးသီးယိုးပီးယား | ၈,၁၅၀ | ၇,၃၀၀ | ၉,၁၃၀ | ၁၁,၁၀၀ | ၁၁,၅၆၀ |
| ( စ ) | ယူဂန်ဒါ | ၆,၀၅၀ | ၆,၅၆၅ | ၆,၄၀၀ | ၆,၇၀၀ | ၆,၈၇၅ |
| (ဆ) | အိန္ဒိယ | ၅,၇၀၀ | ၅,၈၆၇ | ၆,၅၆၀ | ၆,၂၀၀ | ၆,၀၅၀ |
| ( ဇ ) | ဟွန်ဒူးရပ်စ် | ၄,၈၀၀ | ၅,၇၀၀ | ၅,၀၅၀ | ၅,၀၀၀ | ၅,၈၀၀ |
| ( ဈ ) | ပီရူး | ၄,၂၀၀ | ၃,၄၇၅ | ၃,၉၀၂ | ၃,၇၀၀ | ၄,၂၀၀ |
| (ည) | မက္ကဆီကို | ၃,၇၄၀ | ၃,၅၄၅ | ၃,၈၅၆ | ၃,၈၇၀ | ၃,၉၀၃ |
| ( ဋ ) | ဂွါတီမာလာ | ၃,၅၄၀ | ၃,၂၇၀ | ၃,၄၆၉ | ၃,၂၀၅ | ၃,၅၄၀ |
| ( ဌ ) | နီကါရာဂွာ | ၂,၈၃၈ | ၂,၅၉၀ | ၂,၃၄၇ | ၂,၅၆၀ | ၂,၅၈၀ |
| ( ဍ ) | တရုတ် | ၁,၈၀၀ | ၁,၈၀၀ | ၁,၈၀၀ | ၁,၉၀၀ | ၁,၉၀၀ |
| ( ဎ ) | မလေးရှား | ၂,၀၀၀ | ၂,၀၀၀ | ၁,၃၃၀ | ၁,၄၀၀ | ၁,၅၀၀ |
| (ဏ) | တန်ဇန်းနီးယား | ၁,၂၀၀ | ၁,၂၀၀ | ၁,၃၅၀ | ၁,၃၅၀ | ၁,၄၅၀ |
| (တ) | အိုင်ဗရီကို့စ် | ၁,၁၁၀ | ၁,၀၂၀ | ၁,၃၂၅ | ၆၅၀ | ၁,၃၀၀ |
| (ထ) | ကော်စတာရီကာ | ၁,၂၁၅ | ၁,၁၀၀ | ၁,၁၅၈ | ၁,၂၉၈ | ၁,၁၇၀ |
| ( ဒ ) | ပါပူအာနယူးဂီနီ | ၇၇၅ | ၈၇၅ | ၉၈၀ | ၈၄၀ | ၉၅၀ |
| ( ဓ ) | ထိုင်း | ၆၅၀ | ၇၀၀ | ၇၅၀ | ၉၀၀ | ၉၀၀ |
| ( န ) | ကင်ညာ | ၈၆၀ | ၇၅၀ | ၈၂၅ | ၁,၀၀၀ | ၈၅၀ |
| ( ပ ) | အယ်လ်ဆာဗေးဒါး | ၆၀၀ | ၅၅၀ | ၆၀၄ | ၄၅၀ | ၅၀၀ |
| ( ဖ ) | ဗင်နီဇွဲလား | ၅၀၀ | ၅၀၀ | ၅၀၀ | ၅၀၀ | ၅၀၀ |
| ( ဗ ) | ဖိလစ်ပိုင် | ၄၅၀ | ၄၇၅ | ၄၅၀ | ၄၅၀ | ၄၅၀ |
| (ဘ) | လာအို | ၃၈၅ | ၄၁၀ | ၄၁၀ | ၄၃၀ | ၄၃၀ |
| ( မ ) | အီကွေဒေါ | ၂၆၀ | ၃၅၄ | ၃၇၀ | ၃၅၅ | ၃၅၀ |
| (ယ) | အခြား | ၂,၁၆၁ | ၂,၀၄၃ | ၂,၀၀၉ | ၁,၉၅၈ | ၂,၀၄၀ |
| | **စုစုပေါင်း** | **၁၆၅,၀၄၄** | **၁၆၄,၃၈၉** | **၁၆၉,၃၄၅** | **၁၇၅,၃၁၆** | **၁၇၈,၈၄၈** |

ဇစ်မြစ်။ Foreign Agricultural Service/USDA

**ကမ္ဘာ့နိုင်ငံများ၏ ကော်ဖီစားသုံးမှု အခြေအနေ**

၆။ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ သီးနှံဈေးကွက်နှစ်အတွင်း ကော်ဖီစားသုံးမှု အများဆုံးနိုင်ငံများမှာ အီးယူ၊ အမေရိကန်၊ ဘရာဇီး၊ ဖိလစ်ပိုင်၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့ ဖြစ်ကြပါသည်။ ကမ္ဘာ့ကော်ဖီစားသုံးသည့် နိုင်ငံများနှင့် စားသုံးမှုအခြေအနေအား ဇယား (၂) ဖြင့် ဖော်ပြထားပါသည်။

**ဇယား (၂) ကမ္ဘာ့ကော်ဖီစားသုံးသည့် နိုင်ငံများ**

Thousand 60-kilogram Bags

| စဉ် | နိုင်ငံ/ဒေသ | ၂၀၂၁/၂၂ | ၂၀၂၂/၂၃ | ၂၀၂၃/၂၄ | ၂၀၂၄/၂၅ | ၂၀၂၅/၂၆ |
|---|---|---|---|---|---|---|
| (က) | အီးယူ | ၄၁,၈၉၇ | ၄၄,၄၉၇ | ၃၉,၆၁၃ | ၄၁,၂၁၁ | ၄၁,၈၇၀ |
| (ခ) | အမေရိကန် | ၂၆,၇၀၈ | ၂၄,၆၂၃ | ၂၃,၅၄၅ | ၂၆,၂၂၀ | ၂၆,၅၅၀ |
| (ဂ) | ဘရာဇီး | ၂၂,၃၄၀ | ၂၂,၄၅၀ | ၂၂,၁၆၀ | ၂၁,၉၇၀ | ၂၂,၂၈၀ |
| (ဃ) | ဖိလစ်ပိုင် | ၇,၁၉၀ | ၆,၄၆၅ | ၆,၅၉၀ | ၆,၁၉၀ | ၆,၇၅၀ |
| (င) | ဂျပန် | ၇,၂၁၀ | ၆,၈၈၆ | ၆,၉၉၆ | ၆,၅၂၈ | ၆,၇၁၈ |
| (စ) | တရုတ် | ၄,၉၂၀ | ၅,၂၈၀ | ၅,၇၆၅ | ၆,၁၂၃ | ၅,၈၅၀ |
| (ဆ) | ကနေဒါ | ၅,၃၃၀ | ၅,၁၁၀ | ၄,၉၈၀ | ၅,၁၁၀ | ၅,၂၀၀ |
| (ဇ) | ဗီယက်နမ် | ၃,၂၀၀ | ၃,၂၀၀ | ၃,၉၀၀ | ၄,၈၀၀ | ၄,၉၀၀ |
| (ဈ) | အင်ဒိုနီးရှား | ၄,၇၅၀ | ၄,၇၇၁ | ၄,၇၇၅ | ၄,၈၇၃ | ၄,၈၁၀ |
| (ည) | ရုရှား | ၄,၀၅၅ | ၄,၂၅၀ | ၄,၂၅၀ | ၄,၄၅၀ | ၄,၅၇၅ |
| (ဋ) | ယူကေ | ၃,၉၈၅ | ၃,၉၈၀ | ၄,၁၉၀ | ၄,၄၉၅ | ၄,၃၃၀ |
| (ဌ) | အီသီယိုးပီးယား | ၃,၃၆၄ | ၃,၄၃၀ | ၃,၅၀၀ | ၃,၆၂၅ | ၃,၇၀၀ |
| (ဍ) | တောင်ကိုရီးယား | ၃,၄၀၅ | ၃,၁၇၅ | ၃,၃၅၀ | ၃,၃၆၅ | ၃,၄၀၀ |
| (ဎ) | မက္ကဆီကို | ၂,၈၅၀ | ၃,၀၃၅ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ |
| (ဏ) | ဩစတြေးလျ | ၂,၃၀၅ | ၂,၁၃၅ | ၂,၀၉၀ | ၂,၇၄၀ | ၂,၆၀၀ |
| (တ) | ကိုလမ်ဘီယာ | ၂,၁၄၅ | ၂,၁၅၀ | ၂,၂၂၅ | ၂,၁၅၀ | ၂,၂၇၀ |
| (ထ) | အယ်လ်ဂျီးရီးယား | ၂,၀၉၀ | ၂,၀၅၀ | ၁,၉၅၀ | ၂,၀၅၀ | ၂,၀၅၀ |

| | | | | | | |
|---|---|---|---|---|---|---|
| (ဒ) | တူကီယဲ | ၁,၂၈၅ | ၁,၅၉၀ | ၁,၅၄၅ | ၁,၈၂၀ | ၁,၇၅၀ |
| (ဓ) | ဆော်ဒီအာရေဗျ | ၁,၁၄၀ | ၁,၃၈၀ | ၁,၃၇၅ | ၁,၄၇၅ | ၁,၅၀၀ |
| (န) | အိန္ဒိယ | ၈၇၅ | ၉၀၀ | ၁,၂၅၀ | ၁,၃၀၀ | ၁,၃၆၀ |
| (ပ) | ဆွစ်ဇာလန် | ၁,၁၈၅ | ၁,၁၆၀ | ၁,၀၉၄ | ၁,၂၁၅ | ၁,၃၀၀ |
| (ဖ) | ယူကရိန်း | ၁,၃၀၀ | ၁,၀၉၀ | ၁,၁၀၀ | ၁,၀၇၀ | ၁,၁၇၅ |
| (ဗ) | မော်ရိုကို | ၉၉၀ | ၈၀၅ | ၈၄၀ | ၁,၀၀၅ | ၁,၀၆၀ |
| (ဘ) | အီဂျစ် | ၄၅၀ | ၉၀၀ | ၆၅၀ | ၁,၁၇၅ | ၁,၀၀၀ |
| (မ) | ဂျော်ဒန် | ၇၃၀ | ၇၂၅ | ၈၄၅ | ၈၀၀ | ၉၅၀ |
| (ယ) | အခြား | ၁၂,၁၈၄ | ၁၂,၇၁၇ | ၁၂,၂၉၀ | ၁၂,၆၉၆ | ၁၂,၈၀၄ |
| | **စုစုပေါင်း** | **၁၆၇,၈၈၃** | **၁၆၈,၇၅၄** | **၁၆၃,၉၆၈** | **၁၇၁,၅၅၆** | **၁၇၃,၈၅၂** |

ဇစ်မြစ်။ Foreign Agricultural Service/USDA

## ကမ္ဘာ့နိုင်ငံများ၏ ကော်ဖီတင်ပို့မှု အခြေအနေ

၇။ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ သီးနှံဈေးကွက်နှစ်အတွင်း ကမ္ဘာ့ကော်ဖီ တင်ပို့နိုင်မှုအများဆုံး နိုင်ငံများမှာ ဘရာဇီး၊ ဗီယက်နမ်၊ ကိုလမ်ဘီယာ၊ အင်ဒိုနီးရှားနှင့် အီသီယိုးပီးယားနိုင်ငံတို့ဖြစ်ကြပါသည်။ ကမ္ဘာ့ကော်ဖီတင်ပို့မှုအများဆုံးနိုင်ငံများနှင့် တင်ပို့နိုင်မှုအခြေအနေအား ဇယား (၃) ဖြင့် ဖော်ပြထားပါသည်။

**ဇယား (၃) ကမ္ဘာ့ကော်ဖီတင်ပို့မှုအခြေအနေ**

Thousand 60-kilogram Bags

| စဉ် | နိုင်ငံ/ဒေသ | ၂၀၂၁/၂၂ | ၂၀၂၂/၂၃ | ၂၀၂၃/၂၄ | ၂၀၂၄/၂၅ | ၂၀၂၅/၂၆ |
|---|---|---|---|---|---|---|
| (က) | ဘရာဇီး | ၃၉၆၈၅ | ၃၆၁၄၅ | ၄၆၇၅၀ | ၄၄၇၅၀ | ၄၀၇၅၀ |
| (ခ) | ဗီယက်နမ် | ၂၉၀၁၀ | ၂၈၃၄၀ | ၂၄၄၀၀ | ၂၅၂၀၀ | ၂၇၉၀၀ |
| (ဂ) | ကိုလမ်ဘီယာ | ၁၂၃၆၅ | ၁၀၆၁၀ | ၁၁၇၇၀ | ၁၃၃၈၀ | ၁၂၅၅၀ |
| (ဃ) | အင်ဒိုနီးရှား | ၇၄၂၈ | ၇၈၃၂ | ၅၃၅၅ | ၇၂၈၅ | ၈၈၇၀ |
| (င) | အီသီယိုးပီးယား | ၄၈၃၁ | ၃၉၁၀ | ၅၆၃၀ | ၇၄၄၅ | ၇၈၀၀ |

| | | | | | | |
|---|---|---|---|---|---|---|
| (စ) | ယူဂန်ဒါ | ၅၈၅၀ | ၆၂၅၀ | ၆၃၀၀ | ၆၃၅၀ | ၆၅၁၅ |
| (ဆ) | အိန္ဒိယ | ၇၂၅၈ | ၆၄၂၀ | ၆၉၀၆ | ၆၂၆၀ | ၅၉၈၆ |
| (ဇ) | ဟွန်ဒူးရပ်စ် | ၄၆၅၀ | ၅၃၁၀ | ၄၇၁၈ | ၄၇၆၈ | ၅၅၀၃ |
| (ဈ) | အီးယူ | ၄၄၈၅ | ၄၇၀၅ | ၅၀၆၄ | ၅၄၄၅ | ၅၅၀၀ |
| (ည) | ပီရူး | ၄၀၆၅ | ၃၃၂၅ | ၄၀၀၃ | ၃၇၀၅ | ၄၃၇၅ |
| (ဋ) | အခြား | ၂၃၉၄၉ | ၂၁၇၁၂ | ၂၂၅၆၉ | ၂၂၇၈၅ | ၂၄၃၄၆ |
| | **စုစုပေါင်း** | **၁၄၃၅၇၆** | **၁၃၄၅၅၉** | **၁၄၃၄၆၅** | **၁၄၇၃၇၃** | **၁၅၀၀၉၅** |

ဇစ်မြစ်။ Foreign Agricultural Service/USDA

## ကမ္ဘာ့နိုင်ငံများ၏ ကော်ဖီတင်သွင်းမှု အခြေအနေ

၈။ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ သီးနှံစျေးကွက်နှစ်အတွင်း ကမ္ဘာ့ကော်ဖီအများဆုံးတင်သွင်းသည့် နိုင်ငံများမှာ အီးယူ၊ အမေရိကန်၊ ဂျပန်၊ ဖိလစ်ပိုင်၊ တရုတ်နှင့် ကနေဒါနိုင်ငံတို့ဖြစ်ကြပါသည်။ ကမ္ဘာ့ကော်ဖီအများဆုံးတင်သွင်းသည့်နိုင်ငံများနှင့် တင်သွင်းနိုင်မှုအခြေအနေအား ဇယား (၄) ဖြင့် တင်ပြအပ်ပါသည်။

ဇယား (၄) ကမ္ဘာ့ကော်ဖီတင်သွင်းမှုအခြေအနေ

Thousand 60-kilogram Bags

| စဉ် | နိုင်ငံ/ဒေသ | ၂၀၂၁/၂၂ | ၂၀၂၂/၂၃ | ၂၀၂၃/၂၄ | ၂၀၂၄/၂၅ | ၂၀၂၅/၂၆ |
|---|---|---|---|---|---|---|
| (က) | အီးယူ | ၄၆၆၁၅ | ၄၄၅၁၅ | ၄၃၉၉၀ | ၄၆၂၀၀ | ၄၇၀၀၀ |
| (ခ) | အမေရိကန် | ၂၇၀၂၅ | ၂၃၉၀၅ | ၂၃၄၉၅ | ၂၆၁၇၀ | ၂၆၅၀၀ |
| (ဂ) | ဂျပန် | ၇၄၁၅ | ၆၅၀၅ | ၆၉၀၅ | ၆၃၇၀ | ၆၅၅၀ |
| (ဃ) | ဖိလစ်ပိုင် | ၆၅၄၀ | ၅၈၉၀ | ၅၉၄၀ | ၅၇၄၀ | ၆၃၀၀ |
| (င) | တရုတ် | ၄၁၈၀ | ၄၂၃၀ | ၅၄၈၅ | ၅၃၂၀ | ၅၄၀၀ |
| (စ) | ကနေဒါ | ၅၃၃၀ | ၅၁၁၀ | ၄၉၈၀ | ၅၁၁၀ | ၅၂၀၀ |
| (ဆ) | ရုရှား | ၄၀၁၅ | ၄၂၅၀ | ၄၂၅၀ | ၄၄၅၀ | ၄၇၇၅ |
| (ဇ) | ယူကေ | ၃၉၈၅ | ၃၉၈၀ | ၄၁၉၀ | ၄၄၉၅ | ၄၃၃၀ |
| (ဈ) | ဆွစ်ဇာလန် | ၃၄၀၀ | ၃၂၉၀ | ၃၃၄၅ | ၃၅၄၀ | ၃၆၀၀ |

| | | | | | | |
|---|---|---|---|---|---|---|
| (ည) | တောင်ကိုရီးယား | ၃၄၀၅ | ၃၁၇၅ | ၃၃၅၀ | ၃၃၆၅ | ၃၄၀၀ |
| (ဋ) | အခြား | ၂၈၉၁၁ | ၂၉၀၆၈ | ၂၈၃၄၅ | ၃၁၀၃၉ | ၃၁၀၈၅ |
| | **စုစုပေါင်း** | **၁၄၀၈၆၁** | **၁၃၃၉၁၈** | **၁၃၄၂၇၅** | **၁၄၁၇၉၉** | **၁၄၃၉၄၀** |

ဇစ်မြစ်။ Foreign Agricultural Service/USDA

## ကမ္ဘာ့ကော်ဖီဈေးနှုန်း

၉။ နှစ်အလိုက် ကမ္ဘာ့ကော်ဖီဈေးနှုန်းများအား ဇယား (၅) နှင့် ဇယား (၆) တို့ဖြင့် တင်ပြအပ်ပါသည်။


ဇယား (၅) ကော်ဖီ (အာရေးဗီးကား) လအလိုက်ဈေးနှုန်း

အမေရိကန်ဒေါ်လာ/ကီလိုဂရမ်

| စဉ် | လအမည် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|---|---|
| (က) | ဇန်နဝါရီ | ၂.၈၃ | ၃.၁၃ | ၃.၅၄ | ၅.၉၈ | ၄.၅၆ | ၄.၄၇ | ၇.၈၁ | ၈.၀၂ |
| (ခ) | ဖေဖော်ဝါရီ | ၂.၈၃ | ၂.၉၉ | ၃.၆၇ | ၆.၁၇ | ၅.၀၆ | ၄.၆ | ၉.၀၅ | ၇.၀၈ |
| (ဂ) | မတ် | ၂.၇၃ | ၃.၂၇ | ၃.၆၈ | ၅.၇ | ၄.၉ | ၄.၆၁ | ၈.၉၂ | ၇.၃၇ |
| (ဃ) | ဧပြီ | ၂.၆၇ | ၃.၄၁ | ၃.၇၂ | ၅.၈၅ | ၅.၀၆ | ၅.၂၇ | ၈.၆၄ | - |
| (င) | မေ | ၂.၆၆ | ၃.၃ | ၄.၁၁ | ၅.၇၄ | ၄.၈၅ | ၅.၀၈ | ၈.၇၇ | - |
| (စ) | ဇွန် | ၂.၈၆ | ၃.၁၂ | ၄.၂၄ | ၆.၀၃ | ၄.၅၇ | ၅.၄၈ | ၈.၀၁ | - |
| (ဆ) | ဇူလိုင် | ၂.၉၉ | ၃.၂၄ | ၄.၅ | ၅.၆၄ | ၄.၂၇ | ၅.၆၇ | ၇.၁၈ | - |
| (ဇ) | ဩဂုတ် | ၂.၇၈ | ၃.၆ | ၄.၇၇ | ၅.၉၂ | ၄.၁၂ | ၅.၇၆ | ၈.၀၈ | - |
| (ဈ) | စက်တင်ဘာ | ၂.၈၄ | ၃.၆၇ | ၄.၉၇ | ၅.၉ | ၄.၀၅ | ၆.၁၂ | ၈.၈၃ | - |
| (ည) | အောက်တိုဘာ | ၂.၈ | ၃.၃၅ | ၅.၃၁ | ၅.၂၉ | ၄.၀၅ | ၆.၁ | ၈.၉ | - |
| (ဋ) | နိုဝင်ဘာ | ၃.၁၁ | ၃.၃၂ | ၅.၇၁ | ၄.၇၂ | ၄.၃၅ | ၆.၇၂ | ၉.၀၅ | - |
| (ဌ) | ဒီဇင်ဘာ | ၃.၄၆ | ၃.၄၈ | ၅.၉၁ | ၄.၆၃ | ၄.၆၅ | ၇.၅၇ | ၈.၄ | - |

ဇစ်မြစ်။ www.indexmundi.com

ပုံ (၁) ကော်ဖီ (အာရေးဗီးကား) လအလိုက်ဈေးနှုန်း




ဇယား (၆) ကော်ဖီ (ရိုဘတ်စတာ) လအလိုက်ဈေးနှုန်း


အမေရိကန်ဒေါ်လာ/ကီလိုဂရမ်

| စဉ် | လအမည် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|---|---|
| (က) | ဇန်နဝါရီ | ၁.၇၂ | ၁.၅၆ | ၁.၅၆ | ၂.၄၃ | ၂.၁၂ | ၃.၂၆ | ၅.၄၁ | ၄.၂၄ |
| ( ခ ) | ဖေဖော်ဝါရီ | ၁.၇၃ | ၁.၅ | ၁.၆၂ | ၂.၄၁ | ၂.၂၉ | ၃.၃၈ | ၅.၈၁ | ၃.၉၆ |
| ( ဂ ) | မတ် | ၁.၇ | ၁.၄၉ | ၁.၆၃ | ၂.၂၉ | ၂.၃၅ | ၃.၆၆ | ၅.၆၉ | ၃.၉ |
| (ဃ) | ဧပြီ | ၁.၆၂ | ၁.၄၁ | ၁.၆၄ | ၂.၂၉ | ၂.၅၅ | ၄.၂၃ | ၅.၄၃ | - |
| ( င ) | မေ | ၁.၅၇ | ၁.၄၂ | ၁.၇၆ | ၂.၂၇ | ၂.၇ | ၄.၀၄ | ၅.၂၄ | - |
| ( စ ) | ဇွန် | ၁.၆၃ | ၁.၄၂ | ၁.၈၇ | ၂.၂၉ | ၂.၉၁ | ၄.၅ | ၄.၃၃ | - |
| (ဆ) | ဇူလိုင် | ၁.၆၃ | ၁.၄၉ | ၂.၀၈ | ၂.၂၁ | ၂.၈၁ | ၄.၇၃ | ၃.၆၉ | - |
| ( ဇ ) | ဩဂုတ် | ၁.၅၆ | ၁.၆ | ၂.၁ | ၂.၄၂ | ၂.၇၅ | ၄.၇၃ | ၄.၃၉ | - |
| ( ဈ ) | စက်တင်ဘာ | ၁.၅၆ | ၁.၆ | ၂.၃၁ | ၂.၄၆ | ၂.၇၃ | ၅.၃၃ | ၄.၆၆ | - |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| (ည) | အောက်တိုဘာ | ၁.၅၁ | ၁.၅၁ | ၂.၃၂ | ၂.၂၇ | ၂.၆၂ | ၄.၈၉ | ၄.၇၄ | - |
| ( ဋ ) | နိုဝင်ဘာ | ၁.၆၂ | ၁.၆ | ၂.၄၁ | ၂.၀၄ | ၂.၇ | ၄.၉၈ | ၄.၇၄ | - |
| ( ဌ ) | ဒီဇင်ဘာ | ၁.၆၁ | ၁.၅၉ | ၂.၄၈ | ၂.၀၅ | ၂.၉၉ | ၅.၂၂ | ၄.၂ | - |

ဇစ်မြစ်။ www.indexmundi.com

ပုံ (၂)  ကော်ဖီ (ရိုဘတ်စတာ) လအလိုက်ဈေးနှုန်း




## မြန်မာနိုင်ငံ၏ ကော်ဖီထုတ်လုပ်မှု အခြေအနေ


၁၀။ ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ဝေသော Myanmar Statistical Year Book (2025) အရ မြန်မာနိုင်ငံတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကော်ဖီစိုက်ဧကပေါင်း ၆၃၂၂၆ ဧကရှိပြီး အထွက်တန်ချိန် ၉၈၁၁ တန်ရှိပါသည်။ ကော်ဖီကို ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှလွဲ၍ ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင် စိုက်ပျိုးကြပါသည်။ ကော်ဖီအဓိက ထွက်ရှိသည့်ဒေသများမှာ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ် နှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့ဖြစ်ကြပါသည်။ မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုး၊ ရိတ်သိမ်း၊ ထွက်ရှိမှု အခြေအနေအား ဇယား (၇) ဖြင့် ဖော်ပြထားပါသည်။

ဇယား (၇) မြန်မာ့ကော်ဖီစိုက်ပျိုး၊ ရိတ်သိမ်း၊ ထွက်ရှိမှုအခြေအနေ

| စဉ် | ဘဏ္ဍာနှစ် | စိုက်ပျိုး (ဧက) | ရိတ်သိမ်း (ဧက) | ထွက်ရှိမှု (တန်ချိန်) |
|---|---|---|---|---|
| (က) | ၂၀၂၀-၂၀၂၁ | ၅၀,၂၄၈ | ၃၁,၉၆၂ | ၈,၉၀၈ |
| (ခ) | ၂၀၂၁-၂၀၂၂ | ၄၉,၂၅၂ | ၃၀,၆၇၇ | ၈,၇၈၃ |
| (ဂ) | ၂၀၂၂-၂၀၂၃ | ၅၃,၈၄၂ | ၃၀,၁၅၄ | ၈,၅၅၇ |
| (ဃ) | ၂၀၂၃-၂၀၂၄ | ၅၆,၇၃၉ | ၃၁,၇၆၈ | ၉,၀၄၇ |
| (င) | ၂၀၂၄-၂၀၂၅ | ၆၃,၂၂၆ | ၃၄,၈၀၆ | ၉,၈၁၁ |

ဇစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့ (Myanamar Statistical Year Book –2025)

ပုံ (၃) မြန်မာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ




၁၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကော်ဖီစိုက်ပျိုးထုတ်လုပ်နိုင်မှုကို လေ့လာရာတွင် ရှမ်းပြည်နယ် (တန်ချိန် ၆၁၀၀၊ ၆၂.၁၇ ရာခိုင်နှုန်း)၊ ကရင်ပြည်နယ် (တန်ချိန် ၂၁၈၁ ၊ ၂၂.၂၃ ရာခိုင်နှုန်း)၊ မန္တလေးတိုင်းဒေသကြီး (တန်ချိန် ၅၈၉၊ ၆ ရာခိုင်နှုန်း)၊ ကချင်ပြည်နယ် (တန်ချိန် ၂၈၂၊ ၂.၈၇ ရာခိုင်နှုန်း)၊ စစ်ကိုင်းတိုင်းဒေသကြီး (တန်ချိန် ၁၆၆ ၊ ၁.၆၉ ရာခိုင်နှုန်း)၊ ကယားပြည်နယ် (တန်ချိန် ၁၁၈၊ ၁.၂၀ ရာခိုင်နှုန်း)၊ ချင်းပြည်နယ် (တန်ချိန် ၁၁၀၊ ၁.၁၂ ရာခိုင်နှုန်း)၊ မကွေးတိုင်းဒေသကြီး (တန်ချိန် ၉၃ ၊ ၀.၉၅ ရာခိုင်နှုန်း)၊ တနင်္သာရီတိုင်းဒေသကြီး

(တန်ချိန် ၇၇၊ ၀.၇၈ ရာခိုင်နှုန်း)၊ နေပြည်တော် (တန်ချိန် ၇၅ တန်၊ ၀.၇၆ ရာခိုင်နှုန်း)၊ ဧရာဝတီတိုင်းဒေသကြီး (တန်ချိန် ၁၉၊ ၀.၁၉ ရာခိုင်နှုန်း)၊ ပဲခူးတိုင်းဒေသကြီး (တန်ချိန် ၂ ၊ ၀.၀၂ ရာခိုင်နှုန်း) တို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**မြန်မာနိုင်ငံ၏ ကော်ဖီစားသုံးမှု အခြေအနေ**

၁၂။ မြန်မာနိုင်ငံရှိ ထိပ်တန်းကော်ဖီဆိုင်များနှင့် ဆွေးနွေးမှုများအရ ပြည်တွင်းစားသုံးမှုမှာ တစ်နှစ်လျှင် တန်ချိန် (၇၅၀) အများဆုံးဖြစ်သည်ဟု ခန့်မှန်းထားသော်လည်း အဆိုပါအချက်အလက်အလက်များကို အတည်ပြုရန် စာရင်းအင်းအချက်အလက်များ မရှိပါ။ လှော်ထားသောကော်ဖီနှင့် ကော်ဖီမှုန့်များ၏ အကြီးဆုံးထုတ်လုပ်သူ (၃) ဦး (ပရီမီယာ၊ မဟာနှင့် MFE) တို့သည် ပြည်တွင်းစားသုံးရန် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ကော်ဖီတန်ချိန် ၃၅၀ ခန့်ထုတ်လုပ်ပါသည်။ တစ်နိုင်တစ်ပိုင် ကော်ဖီထုတ်လုပ်သူအများအပြားရှိပြီး ၎င်းတို့အနေဖြင့် ကော်ဖီ (၁၀) တန်အထိ ထုတ်လုပ်နိုင်သော်လည်း ၎င်းတို့နှင့်ပတ်သက်သည့် ကိန်းဂဏန်းများကို မရရှိနိုင်ပါ။ (ကော်ဖီ -၂၀၂၂ ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့)

၁၃။ ထို့ပြင် ကော်ဖီကို Coffee Scrub ကဲ့သို့သော အလှကုန်များတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလျက်ရှိသည်ကို တွေ့ရှိရပါသည်။ သို့သော်၎င်းတို့နှင့်ပတ်သက်သည့် ကိန်းဂဏန်းများကိုလည်း ရရှိနိုင်ခြင်းမရှိပါ။

**မြန်မာနိုင်ငံ၏ ကော်ဖီတင်ပို့မှုအခြေအနေ**

၁၄။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံ (၁၆) နိုင်ငံသို့ ကော်ဖီတန်ချိန် ၁၁၉၇.၃၀၇ တန်၊ အမေရိကန်ဒေါ်လာ ၅.၇၈၆ သန်း တင်ပို့နိုင်ခဲ့ပါသည်။ အဆိုပါနှစ်အတွင်း မြန်မာနိုင်ငံမှ ကော်ဖီတင်ပို့ခဲ့သည့် နိုင်ငံများမှာ ထိုင်း၊ တရုတ်၊ ဘယ်လ်ဂျီယံ၊ အမေရိကန်၊ ယူကေ၊ ထိုင်ဝမ်၊ ဂျပန်၊ နယ်သာလန်၊ စပိန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ ဆော်ဒီအာရေဗျ၊ ကနေဒါ၊ မလေးရှား၊ စင်ကာပူနှင့် အယ်ဆာဗေးဒါးနိုင်ငံတို့ဖြစ်ကြပါသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ကော်ဖီတင်ပို့ခဲ့သည့်နိုင်ငံများနှင့် ဈေးကွက်ဝေစုရရှိမှုအခြေအနေအား ဇယား (၈) ဖြင့် တင်ပြအပ်ပါသည်။

ဇယား (၈) ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ


ကော်ဖီတင်ပို့ခဲ့သည့်နိုင်ငံများနှင့် ဈေးကွက်ဝေစုရရှိမှုအခြေအနေ

| စဉ် | နိုင်ငံ | တန်ချိန် | တန်ဖိုး (ကန်ဒေါ်လာသန်း) | ဈေးကွက်ဝေစု (ရာခိုင်နှုန်း) |
|---|---|---|---|---|
| (က) | ထိုင်း | ၄၃၀.၇၅ | ၁.၅၈၃ | ၃၅.၉၈ |
| ( ခ ) | တရုတ် | ၃၅၃.၀၅၀ | ၀.၉၄၂ | ၂၉.၄၉ |
| ( ဂ ) | ဘယ်လ်ဂျီယံ | ၂၀၅.၅၀၀ | ၁.၉၁၅ | ၁၇.၁၆ |
| (ဃ) | အမေရိကန် | ၃၇.၅၆၉ | ၀.၂၉၁ | ၃.၁၄ |
| ( င ) | ယူကေ | ၃၆.၁၉၀ | ၀.၂၄၇ | ၃.၀၂ |
| ( စ ) | **ထိပ်တန်း ၅ နိုင်ငံ** | **၁၀၆၃.၀၅၉** | **၄.၉၇၈** | **၈၈.၇၉** |
| (ဆ) | အခြား | ၁၃၄.၂၄၈ | ၀.၈၀၈ | ၁၁.၂၁ |
| **စုစုပေါင်း** | | **၁၁၉၇.၃၀၇** | **၅.၇၈၆** | **၁၀၀.၀၀** |


ဇစ်မြစ်။ အကောက်ခွန်

၁၅။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ကမ္ဘာ့တိုက်ကြီးများအလိုက် ကော်ဖီတင်ပို့နိုင်မှု အခြေအနေအား လေ့လာရာတွင် အာရှတိုက် (တန်ချိန် ၈၆၄.၆၈၆ ၊ ၇၇.၂၂ ရာခိုင်နှုန်း)၊ ဥရောပတိုက် (တန်ချိန် ၂၇၆.၄၉၀၊ ၂၃.၀၉ ရာခိုင်နှုန်း)၊ အမေရိကတိုက် (တန်ချိန် ၄၄.၀၉၉၊ ၃.၆၈ ရာခိုင်နှုန်း)၊ သြစတြေးလျ (တန်ချိန် ၁၂.၀၃၂၊ ၁ ရာခိုင်နှုန်း) စသည်ဖြင့် တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ပုံ (၄) ကမ္ဘာ့တိုက်ကြီးများအလိုက် ကော်ဖီတင်ပို့ခဲ့မှုအခြေအနေ



## ပုံ (၅) ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကော်ဖီထုတ်လုပ်နိုင်မှုအခြေအနေ




Source: Myanmar Statistical Year Book (2025)

၁၆။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ပြည်ပသို့ကော်ဖီတင်ပို့နိုင်မှု အခြေအနေ အား ဇယား (၈) ဖြင့် တင်ပြအပ်ပါသည်။


ဇယား (၈) ဘဏ္ဍာနှစ်အလိုက် ပြည်ပသို့ကော်ဖီတင်ပို့နိုင်မှု အခြေအနေ

တန်ဖိုး။ အမေရိကန်ဒေါ်လာသန်းပေါင်း

| စဉ် | ဘဏ္ဍာနှစ် | ပင်လယ်ရေကြောင်း | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| (က) | ၂၀၂၀-၂၀၂၁ | ၄၄၈ | ၂.၂၄ | ၃၂၃ | ၀.၃၀ | ၇၇၁ | ၂.၅၄ |
| ( ခ ) | ၂၀၂၁-၂၀၂၂ (ကာလတို) | ၄၁၉ | ၁.၃၀ | ၅၉၁ | ၀.၇၉ | ၁၀၁၀ | ၂.၀၉ |
| ( ဂ ) | ၂၀၂၂-၂၀၂၃ | ၆၆၂ | ၃.၂၇ | ၃၉၆၀ | ၁၄.၅၆ | ၄၆၂၂ | ၁၇.၈၃ |
| (ဃ) | ၂၀၂၃-၂၀၂၄ | ၄၄၂ | ၂.၃၁ | ၂၀၃၄ | ၆.၀၉ | ၂၄၇၇ | ၈.၄၀ |
| ( င ) | ၂၀၂၄-၂၀၂၅ | ၄၀၂ | ၂.၃၆ | ၃၄၂၉ | ၁၂ | ၃၈၃၁ | ၁၃.၈၈ |
| ( စ ) | ၂၀၂၅-၂၀၂၆ | ၄၁၄ | ၃.၂၆ | ၇၈၄ | ၂.၅၂၅ | ၁၁၉၇ | ၅.၇၉ |

ဇစ်မြစ်။ အကောက်ခွန်


ပုံ (၆) ဘဏ္ဍာနှစ်အလိုက် ပြည်ပသို့ ကော်ဖီတင်ပို့နိုင်မှုအခြေအနေ



## မြန်မာနိုင်ငံအနေဖြင့် ကော်ဖီ[၂]တင်ပို့ရန်အတွက် အလားအလာကောင်းသည့် ဈေးကွက်များ

၁၇။ မြန်မာနိုင်ငံမှ ကော်ဖီတင်ပို့ရန်အတွက် အလားအလာအကောင်းဆုံး ဈေးကွက်များမှာ ဂျာမနီ၊ ထိုင်း၊ အီတလီ၊ ဘယ်လ်ဂျီယံ၊ ဂျပန်၊ ပိုလန်၊ စပိန်၊ ဆွီဒင်၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ကြောင်းကို အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (International Trade Center– ITC) ၏ Export Potential Map တွင် ဖော်ပြထားပါသည်။ ယင်းဈေးကွက်များအနက် အဓိကအားဖြင့် မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံး ဈေးကွက်များမှာ ဂျာမနီ၊ ထိုင်း နှင့်အီတလီနိုင်ငံတို့ဖြစ်ကြောင်းကိုလည်း သုံးသပ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

ပုံ (၆) ကော်ဖီတင်ပို့ရန်အတွက် အလားအလာကောင်းသော နိုင်ငံများ




ဇစ်မြစ်။ ITC Export Potential Map

[၂] HS Code– 090111 Coffee, whether or not roasted or decaffeinated; coffee husks and skins; coffee substitutes containing coffee in any proportion : Coffee, not roasted : Not decaffeinated

**ဂျာမနီဈေးကွက်အခြေအနေ**

၁၈။ ဂျာမနီနိုင်ငံသည် ဥရောပတွင် ကော်ဖီအများဆုံး တင်သွင်းသည့်နိုင်ငံဖြစ်ပြီး ၂၀၂၅ ခုနှစ် အတွင်း ကော်ဖီတန်ချိန် ၁ သန်းကျော်၊ အမေရိကန်ဒေါ်လာ ၇.၆ ဘီလီယံ တင်သွင်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ဂျာမနီနိုင်ငံသို့ ကော်ဖီအများဆုံးတင်ပို့သည့် နိုင်ငံများမှာ ဘရာဇီး၊ ဗီယက်နမ်၊ ဟွန်ဒူးရပ်စ်၊ ကိုလမ်ဘီယာ၊ အီသီယိုးပီးယား၊ ယူဂန်ဒါ၊ ပီရူး၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ နီကာရာဂွာ နိုင်ငံတို့ဖြစ်ကြပါသည်။ အဆိုပါ ၁၀ နိုင်ငံ၏ ကော်ဖီတင်ပို့မှုတန်ဖိုးသည် တင်ပို့မှုအားလုံး၏ ၉၁ ရာခိုင်နှုန်းကို ကိုယ်စားပြုပါသည်။ ဘရာဇီးနိုင်ငံသည် ၂.၈၁ ဘီလီယံဖိုးရောင်းချနိုင်ပြီး ဈေးကွက် ဝေစု ၃၄ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေလျက်ရှိပြီး ယင်းနောက်တွင် ဗီယက်နမ်နိုင်ငံမှ ၁.၃၅ ဘီလီယံ၊ ဈေးကွက်ဝေစု ၂၁ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိနေပါသည်။ ဂျာမနီနိုင်ငံသို့ အဓိကကော်ဖီတင်ပို့လျက်ရှိသည့် နိုင်ငံများ၏ အချက်အလက်များအား ဇယား (၉) ဖြင့် တင်ပြအပ်ပါသည်။

ဇယား (၉) **ဂျာမနီနိုင်ငံသို့ ကော်ဖီအဓိကတင်ပို့သည့်နိုင်ငံများ**

| စဉ် | နိုင်ငံ | တန်ဖိုး ကန်ဒေါ်လာ (000) | ပမာဏ (တန်) | ကန်ဒေါ်လာ/ တန် | ဈေးကွက် ဝေစု (%) |
|---|---|---|---|---|---|
| (က) | ဘရာဇီး | ၂၈၀၇၆၂၆ | ၃၈၃၀၆၅ | ၇၃၂၉ | ၃၄.၃၅ |
| (ခ) | ဗီယက်နမ် | ၁၃၄၅၄၇၁ | ၂၃၅၆၁၀ | ၅၇၁၁ | ၂၁.၁၃ |
| (ဂ) | ဟွန်ဒူးရပ်စ် | ၅၅၂၄၄၅ | ၆၆၅၄၃ | ၈၃၀၂ | ၅.၉၇ |
| (ဃ) | ကိုလမ်ဘီယာ | ၅၂၅၅၆၈ | ၆၅၀၃၁ | ၈၀၈၂ | ၅.၈၃ |
| (င) | အီသီယိုးပီးယား | ၄၄၄၃၀၂ | ၆၀၉၃၁ | ၇၂၉၂ | ၅.၄၆ |
| (စ) | ယူဂန်ဒါ | ၃၂၈၃၄၂ | ၆၀၅၆၂ | ၅၄၂၂ | ၅.၄၃ |
| (ဆ) | ပီရူး | ၃၂၇၆၇၆ | ၄၁၄၃၁ | ၇၉၀၉ | ၃.၇၁ |
| (ဇ) | အင်ဒိုနီးရှား | ၂၈၂၄၂၅ | ၅၇၁၇၉ | ၄၉၃၉ | ၅.၁၃ |

| | | | | | |
|---|---|---|---|---|---|
| (ဈ) | အိန္ဒိယ | ၁၇၉၇၀၃ | ၂၇၀၂၂ | ၆၆၅၀ | ၂.၄၂ |
| (ည) | နီကါရာဂွာ | ၁၁၄၆၉၁ | ၁၄၈၀၃ | ၇၇၄၈ | ၁.၃၃ |
| (ဋ) | မြန်မာ | ၁၃ | ၁ | ၁၃၀၀၀ | ၀.၀၀၁ |
| (ဌ) | အခြား | ၆၉၁၄၁၉ | ၁၀၃၁၂၆ | - | ၉.၂၅ |
| | စုစုပေါင်း | ၇၅၉၉၆၈၁ | ၁၁၁၅၂၉၆ | - | ၁၀၀.၀၀ |

ဇစ်မြစ်။ ITC Trade Map

၁၉။ ဂျာမနီနိုင်ငံသည် ဥရောပတွင် ကော်ဖီစိမ်း အများဆုံးတင်သွင်းသည့်နိုင်ငံဖြစ်သကဲ့သို့ အဓိကကုန်သွယ်မှုဗဟိုချက်လည်း ဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်တွင် ဂျာမနီနိုင်ငံမှတစ်ဆင့် ကော်ဖီစိမ်း တန်ချိန် ၁၇၈,၈၈၄ တန်ကို အခြားနိုင်ငံများသို့ ပြန်လည်တင်ပို့ခဲ့သည်။ ဂျာမနီနိုင်ငံမှ အဓိက တင်ပို့သော နိုင်ငံများမှာ ပိုလန် (တန်ချိန် ၉၂၁၂၆)၊ ချက်သမ္မတနိုင်ငံ (တန်ချိန် ၁၂၃၉၅) နှင့် အီတလီ (တန်ချိန် ၉၇၄၇) တို့ဖြစ်ပါသည်။

၂၀။ ဂျာမနီနိုင်ငံသည် အမေရိကန်၊ ဘရာဇီးနှင့် ဂျပန်တို့ပြီးလျှင် ကမ္ဘာပေါ်တွင် စတုတ္ထမြောက် အကြီးမားဆုံး ကော်ဖီဈေးကွက် ဖြစ်သည်။ ဂျာမန်ကော်ဖီဈေးကွက်၏ ခန့်မှန်းခြေ နှစ်စဉ်တန်ဖိုးမှာ ယူရို ၂၀ ဘီလီယံ ရှိပါသည်။ ဂျာမန်လူမျိုး ၈၉ ရာခိုင်နှုန်းဝန်းကျင်သည် ကော်ဖီသောက်သုံးကြပြီး ၎င်းသည် ပြင်သစ်နိုင်ငံ (၈၆ ရာခိုင်နှုန်း) ထက် အနည်းငယ်ပိုများသော်လည်း အီတလီနှင့် စပိန်နိုင်ငံ (၉၅ ရာခိုင်နှုန်း) တို့ထက် လျော့နည်းပါသည်။ ဂျာမန်ကော်ဖီသောက်သူများသည် တစ်နေ့လျှင် ပျမ်းမျှ ကော်ဖီ ၃.၄ ခွက်ခန့် သောက်သုံးကြပြီး စုစုပေါင်းတစ်နေ့လျှင် ခွက်ပေါင်း သန်း ၂၀၀ ခန့်ရှိကြောင်း သိရှိရပါသည်။ ဂျာမနီနိုင်ငံ၏ တစ်ဦးချင်း နှစ်စဉ်ကော်ဖီစားသုံးမှုမှာ ပျမ်းမျှ ၅.၄ ကီလိုဂရမ် ရှိပါသည်။ ၎င်းသည် ဥရောပတွင် အမြင့်ဆုံး မဟုတ်သော်လည်း ဥရောပ၏ ပျမ်းမျှစားသုံးမှု (၅ ကီလိုဂရမ်) ထက် ပိုမိုမြင့်မားပါသည်။ ဂျာမနီသည် ယူကေပြီးလျှင် ဥရောပ၌ Branded Coffee Shop Market နှင့် ကော်ဖီကိုသာ သီးသန့်ရောင်းချသည့် ဆိုင်ဈေးကွက်တို့တွင် ဒုတိယအကြီးဆုံး ဖြစ်ပါသည်။

၂၁။ ဂျာမနီနိုင်ငံတွင် အလွန်ကြီးမားသော အထူးတန်းဝင်ကော်ဖီ (Speciality Coffee) ဈေးကွက်လည်းရှိပါသည်။ ဂျာမနီနိုင်ငံ၏ အထူးတန်းဝင်ကော်ဖီဈေးကွက်သည် လျင်မြန်စွာတိုးတက်နေ

ပြီး ဈေးကွက်အရွယ်အစားအရဆိုလျှင် ဥရောပ၏ အကြီးမားဆုံး အထူးတန်းဝင်ကော်ဖီဈေးကွက် ဖြစ်သည့် ယူကေနှင့် အလားတူပင် ဖြစ်သည်။ ဂျာမန်လူမျိုး အမြောက်အမြားသည် အရည်အသွေးမြင့် ကော်ဖီကို ပိုမိုလိုလားလာကြသည်။ Tchibo ကော်ဖီအစီရင်ခံစာအရ ဂျာမန်လူမျိုး ၁၆ ရာခိုင်နှုန်းခန့်သည် ပိုမိုကောင်းမွန်သည့် အရည်အသွေးမြင့်ကော်ဖီကို ရွေးချယ်သောက်သုံးလာကြကြောင်း သိရှိရပါသည်။

၂၂။ ဂျာမနီနိုင်ငံသည် ကော်ဖီတင်သွင်းခြင်းအတွက် Tariff Regime အရ MFN Duty (Applied) ကို သုညရာခိုင်နှုန်း သတ်မှတ်ထားပါသည်။ ဂျာမနီအပါအဝင် အီးယူနိုင်ငံများသို့ ကော်ဖီတင်သွင်းမည်ဆိုပါက ကုလသမဂ္ဂ၏ ကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ (United Nations Conference on Trade and Development -UNCTAD) ၏ International Classification on Non-tariff measures (2019 version) တွင် ပါဝင်သည့် (၃၃) ချက်နှင့် ကိုက်ညီမှုရှိရမည် ဖြစ်ပါသည်။ အဆိုပါ Regulatory Requirements များအား ဇယား (၁၀) ဖြင့် တင်ပြအပ်ပါသည်။

**ဇယား(၁၀) ဂျာမနီနိုင်ငံသို့ တင်ပို့ရန်အတွက် လိုအပ်ချက်များ**

| စဉ် | သတ်မှတ်ထားသည့် လိုအပ်ချက် | အရေအတွက် |
|---|---|---|
| (က) | A12 – Geographical restrictions on eligibility | ၁ |
| (ခ) | A13 – Systems approach | ၁ |
| (ဂ) | A14 – Authorization requirement for SPS reasons for importing certain products | ၂ |
| (ဃ) | A15 – Authorization requirement for importers for SPS reasons | ၂ |
| (င) | A21 – Tolerance limits for residues of or contamination by certain (non-microbiological) substances | ၂ |
| (စ) | A22 – Restricted use of certain substances in foods and feeds and their contact materials | ၁ |

| | | |
|---|---|---|
| (ဆ) | A31 – Labelling requirements | ၃ |
| (ဇ) | A33 – Packaging requirements | ၁ |
| (ဈ) | A41 – Microbiological criteria of the final product | ၁ |
| (ည) | A42 – Hygienic practices during production related to SPS conditions | ၁ |
| (ဋ) | A63 – Food and feed processing | ၁ |
| (ဌ) | A83 – Certification requirement | ၁ |
| (ဍ) | A84 – Inspection requirement | ၁ |
| (ဎ) | A85 – Traceability requirements | ၁ |
| (ဏ) | A851 – Origin of materials and parts | ၂ |
| (တ) | A852 – Processing history | ၁ |
| (ထ) | A853 – Distribution and location of products after delivery | ၁ |
| (ဒ) | B31 – Labelling requirements | ၇ |
| (ဓ) | B84 – Inspection requirement | ၁ |
| (န) | E1 – Non-automatic import-licensing procedures other than authorizations covered under SPS and TBT chapters | ၁ |
| (ပ) | E125 – Licensing for the protection of public health | ၁ |
| | **Total Measures** | ၃၃ |

ဓစ်မြစ်။ ITC Market Access Map

**ထိုင်းဈေးကွက်အခြေအနေ**

၂၃။ ထိုင်းနိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း ကော်ဖီတန်ချိန် ၃ သောင်းခွဲခန့်၊ တန်ဖိုး အမေရိကန် ဒေါ်လာသန်း ၁၅၀ တင်သွင်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုင်းနိုင်ငံသို့ ကော်ဖီအများဆုံး တင်ပို့သည့်နိုင်ငံများမှာ လာအို၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဘရာဇီး၊ ကိုလမ်ဘီယာ၊ မြန်မာ၊ ပါပူအာနယူးဂီနီ၊ ဂွာတီမာလာ၊ ကင်ညာနှင့် ပနားမားနိုင်ငံတို့ဖြစ်ကြပါသည်။ အဆိုပါ ၁၀ နိုင်ငံ၏ ကော်ဖီတင်ပို့မှုတန်ဖိုးသည် တင်ပို့မှုအားလုံး၏ ၉၉.၉၅ ရာခိုင်နှုန်းကို ကိုယ်စားပြုပါသည်။

၂၄။ လာအိုနိုင်ငံသည် အမေရိကန်ဒေါ်လာ ၆၆.၉၅ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၄၄.၅၂ ရာခိုင်နှုန်းဖြင့် ဦးဆောင်လျက်ရှိပြီး ယင်းနောက်တွင် ဗီယက်နမ်နိုင်ငံမှ အမေရိကန် ဒေါ်လာ ၄၅.၅၆ သန်း၊ ဈေးကွက်ဝေစု ၃၀.၃ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိနေပါသည်။ ထိုင်းနိုင်ငံသို့ အဓိကကော်ဖီတင်ပို့လျက်ရှိသည့် နိုင်ငံများ၏ အချက်အလက်များအား ဇယား (၁၁) ဖြင့် တင်ပြအပ်ပါသည်။

ဇယား (၁၁) ထိုင်းနိုင်ငံသို့ ကော်ဖီအဓိကတင်ပို့သည့် နိုင်ငံများ

| စဉ် | နိုင်ငံ | တန်ဖိုး ကန်ဒေါ်လာ (000) | ပမာဏ (တန်) | ကန်ဒေါ်လာ/ တန် | ဈေးကွက် ဝေစု (%) |
|---|---|---|---|---|---|
| (က) | လာအို | ၆၆၉၄၉ | ၁၇၈၈၉ | ၃၇၄၂ | ၄၄.၅၂ |
| ( ခ ) | ဗီယက်နမ် | ၄၅၅၅၉ | ၈၈၉၄ | ၅၁၂၂ | ၃၀.၃ |
| ( ဂ ) | အင်ဒိုနီးရှား | ၃၆၀၄၅ | ၇၂၀၀ | ၅၀၀၆ | ၂၃.၉၇ |
| (ဃ) | ဘရာဇီး | ၈၈၅ | ၃၀၄ | ၂၉၁၁ | ၀.၅၉ |
| ( င ) | ကိုလမ်ဘီယာ | ၂၉၁ | ၂၅ | ၁၁၆၄၀ | ၀.၁၉ |
| ( စ ) | မြန်မာ | ၂၄၆ | ၆၂ | ၃၉၆၈ | ၀.၁၆ |
| (ဆ) | ပါပူအာနယူးဂီနီ | ၁၂၄ | ၁၆ | ၇၇၅၀ | ၀.၀၈ |
| ( ဇ ) | ဂွာတီမာလာ | ၈၇ | ၆ | ၁၄၅၀၀ | ၀.၀၆ |

| | | | | | |
|---|---|---|---|---|---|
| (ဈ) | ကင်ညာ | ၈၆ | ၂၃ | ၃၇၃၉ | ၀.၀၆ |
| (ည) | ပနားမား | ၂၀ | ၁ | ၂၀၀၀၀ | ၀.၀၁ |
| (ဋ) | အခြား | ၆၀ | ၂၃၅၀၀ | - | ၀.၀၅ |
| | **စုစုပေါင်း** | ၁၅၀၃၆၈ | ၃၄၄၃၅ | - | **၁၀၀.၀၀** |

ဇစ်မြစ်။ ITC Trade Map

၂၅။ ထိုင်းနိုင်ငံသားများအတွက် ကော်ဖီသည် နေ့စဉ်မရှိမဖြစ်အရာတစ်ခု ဖြစ်လာပြီး တစ်ဦးလျှင် တစ်နှစ်ပျမ်းမျှ ကော်ဖီခွက်ပေါင်း ၃၄၀ ကျော် သောက်သုံးလျက်ရှိသည်။ ဤသို့သောက်သုံးမှု မြင့်တက်လာခြင်းကြောင့် ပြည်တွင်းဈေးကွက်တန်ဖိုးမှာ ဘတ်ငွေ ၆၅ ဘီလီယံအထိ ရောက်ရှိလာပြီး ယခင်နှစ်ထက် ၈.၃၃ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာန၏ အချက်အလက်များအရ စိုက်ပျိုးမြေဧရိယာ ရိုင် (Rai) ၂၂၀,၀၀၀ ကျော်တွင် အာရေးဗီးကားနှင့် ရိုဘတ်စတာ ကော်ဖီအမျိုးအစားနှစ်မျိုးလုံးကို စိုက်ပျိုးထားပြီး တစ်နှစ်လျှင် တန်ချိန် ၄၀,၀၀၀ မှ ၅၀,၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။ သို့သော်လည်း တန်ချိန် ၅,၀၀၀ ခန့်သာ အဆင့်မြင့်ကော်ဖီ (Specialty Coffee) အဖြစ် သတ်မှတ်နိုင်သဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မှု မရှိကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံတွင် ကော်ဖီသောက်သုံးမှု ပုံစံသည် ပြောင်းလဲလျက်ရှိပြီး အသင့်ဖျော်ကော်ဖီမှ လတ်လတ်ဆတ်ဆတ်ဖျော်စပ်သည့် ကော်ဖီနှင့် အထူးတန်းဝင်ကော်ဖီများဆီသို့ သိသိသာသာ ပြောင်းလဲလာသည်။

၂၆။ ထိုင်းနိုင်ငံသည် ကော်ဖီတင်သွင်းခြင်းအတွက် Tariff Regime အရ MFN Duty (Applied) ကို ၉၀ ရာခိုင်နှုန်း သတ်မှတ်ထားပါသည်။ သို့သော် အာဆီယံနိုင်ငံများအတွက်မူ Preferential Tariff for ASEAN countries ၅ ရာခိုင်နှုန်း သတ်မှတ်ထားပါသည်။ ထိုင်းနိုင်ငံသို့ ကော်ဖီတင်သွင်းမည်ဆိုပါက United Nations Conference on Trade and Development (UNCTAD) ၏ International Classification on Non-tariff measures (2019 version) တွင် ပါဝင်သည့် သတ်မှတ်ချက် (၈၀) ချက်နှင့် ကိုက်ညီမှုရှိရမည်ဖြစ်ပါသည်။ အဆိုပါ Regulatory Requirements များအား ဇယား (၁၂) ဖြင့် တင်ပြအပ်ပါသည်။

**ဇယား(၁၂) ထိုင်းနိုင်ငံသို့ တင်ပို့ရန်အတွက် လိုအပ်ချက်များ**

| စဉ် | သတ်မှတ်ထားသည့် လိုအပ်ချက်များ | အရေ အတွက် |
|---|---|---|
| (က) | A11 – Prohibitions for SPS reasons | ၄ |
| ( ခ ) | A12 – Geographical restrictions on eligibility | ၁ |
| ( ဂ ) | A14 – Authorization requirement for SPS reasons for importing certain products | ၂ |
| (ဃ) | A15 – Authorization requirement for importers for SPS reasons | ၁ |
| ( င ) | A19 – Prohibitions/restrictions of imports for SPS reasons, not elsewhere specified (n.e.s.) | ၅ |
| ( စ ) | A21 – Tolerance limits for residues of or contamination by certain (non-microbiological) substances | ၉ |
| (ဆ) | A22 – Restricted use of certain substances in foods and feeds and their contact materials | ၇ |
| ( ဇ ) | A31 – Labelling requirements | ၆ |
| ( ဈ ) | A33 – Packaging requirements | ၄ |
| (ည) | A42 – Hygienic practices during production related to SPS conditions | ၁ |
| ( ဋ ) | A52 – Irradiation | ၁ |
| ( ဌ ) | A63 – Food and feed processing | ၂ |
| ( ဍ ) | A64 – Storage and transport conditions | ၁ |
| ( ဎ ) | A81 – Product registration and approval requirement | ၇ |
| (ဏ) | A82 – Testing requirement | ၇ |

| | | |
|---|---|---|
| (တ) | A83 – Certification requirement | ၆ |
| (ထ) | A85 – Traceability requirements | ၁ |
| ( ဒ ) | B31 – Labelling requirements | ၇ |
| ( ဓ ) | B33 – Packaging requirements | ၂ |
| ( န ) | B7 – Product quality, safety or performance requirement | ၂ |
| ( ပ ) | B83 – Certification requirement | ၁ |
| ( ဖ ) | C3 – Requirement to pass through specified port of customs | ၁ |
| ( ဗ ) | E11 – Licensing for economic reasons | ၂ |
| | **Total Measures** | **၈၀** |

ဇစ်မြစ်။ ITC Market Access Map

**ဂျပန်စျေးကွက်အခြေအနေ**

၂၇။ ဂျပန်နိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း ကော်ဖီတန်ချိန် ၃ သိန်းခွဲကျော် ၊ အမေရိကန်ဒေါ်လာ ၂.၃၈ ဘီလီယံဖိုးတင်သွင်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ဂျပန်နိုင်ငံသို့ ကော်ဖီအများဆုံးတင်ပို့သည့် နိုင်ငံများမှာ ဘရာဇီး၊ ဗီယက်နမ်၊ ကိုလမ်ဘီယာ၊ ဂွာတီမာလာ၊ အီသီယိုးပီးယား၊ တန်ဇန်းနီးယား၊ အင်ဒိုနီးရှား၊ ဟွန်ဒူးရပ်စ်၊ ပီရူး၊ ယူဂန်ဒါ နိုင်ငံတို့ဖြစ်ကြပါသည်။ အဆိုပါ ၁၀ နိုင်ငံ၏ ကော်ဖီတင်ပို့မှုတန်ဖိုးသည် တင်ပို့မှုအားလုံး၏ ၉၆.၇၅ ရာခိုင်နှုန်းကို ကိုယ်စားပြုပါသည်။

၂၈။ ဘရာဇီးနိုင်ငံသည် အမေရိကန်ဒေါ်လာ ၉၅၃.၄၀ ဖိုးရောင်းချနိုင်ပြီး စျေးကွက်ဝေစု ၄၁.၀၄ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေလျက်ရှိပြီး ယင်းနောက်တွင် ဗီယက်နမ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၄၇၉.၆၈ သန်း၊ စျေးကွက်ဝေစု ၂၄.၈၃ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိနေပါသည်။ ဂျပန်နိုင်ငံသို့ အဓိကကော်ဖီတင်ပို့လျက်ရှိသည့် နိုင်ငံများ၏ အချက်အလက်များအား ဇယား (၁၃) ဖြင့် တင်ပြအပ်ပါသည်။

ဇယား (၁၃) ဂျပန်နိုင်ငံသို့ အဓိကကော်ဖီတင်ပို့လျက်ရှိသည့် နိုင်ငံများ

| စဉ် | နိုင်ငံ | တန်ဖိုး ကန်ဒေါ်လာ (000) | ပမာဏ (တန်) | ကန်ဒေါ်လာ/ တန် | ဈေးကွက် ဝေစု (%) |
|---|---|---|---|---|---|
| (က) | ဘရာဇီး | ၉၅၃၃၉၇ | ၁၄၅၆၈၆ | ၆၅၄၄ | ၄၁.၀၄ |
| (ခ) | ဗီယက်နမ် | ၄၇၉၆၇၆ | ၈၈၁၅၀ | ၅၄၄၂ | ၂၄.၈၃ |
| (ဂ) | ကိုလံဘီယာ | ၃၀၁၅၃၇ | ၃၇၅၃၁ | ၈၀၃၄ | ၁၀.၅၇ |
| (ဃ) | ဂွာတီမာလာ | ၁၆၂၄၂၅ | ၁၉၆၂၄ | ၈၂၇၇ | ၅.၅၃ |
| (င) | အီသီယိုးပီးယား | ၁၀၄၃၉၂ | ၁၄၇၅၆ | ၇၀၇၅ | ၄.၁၆ |
| (စ) | တန်ဇန်းနီးယား | ၈၈၂၆၁ | ၁၁၆၂၃ | ၇၅၉၄ | ၃.၂၇ |
| (ဆ) | အင်ဒိုနီးရှား | ၆၆၃၄၃ | ၉၈၇၅ | ၆၇၁၈ | ၂.၇၈ |
| (ဇ) | ဟွန်ဒူးရပ်စ် | ၅၆၉၅၇ | ၇၁၈၇ | ၇၉၂၅ | ၂.၀၂ |
| (ဈ) | ပီရူး | ၃၅၅၇၁ | ၄၇၄၈ | ၇၄၉၂ | ၁.၃၄ |
| (ည) | ယူဂန်ဒါ | ၂၆၆၄၆ | ၄၂၃၆ | ၆၂၉၀ | ၁.၁၉ |
| (ဋ) | မြန်မာ | ၃၄၅ | ၃၅ | ၉၈၅၇ | ၀.၀၁ |
| (ဌ) | အခြား | ၁၀၉၁၁၇ | ၁၁၉၀၂ | - | ၃.၂၄ |
| | **စုစုပေါင်း** | **၂၃၈၄၆၆၈** | **၃၅၄၉၅၃** | **-** | **၁၀၀.၀၀** |

၂၉။ All Japan Coffee Association ၏ စစ်တမ်းကောက်ယူမှုအရ ဂျပန်လူမျိုးများ၏ တစ်ပတ်လျှင် ပျမ်းမျှကော်ဖီသောက်သုံးမှုသည် ၁၀.၆၂ ခွက်ဖြစ်ကြောင်း သိရှိရပါသည်။ အများဆုံး ကော်ဖီသောက်လေ့ရှိသူများသည် အသက် ၄၀ မှ ၅၉ နှစ်အကြား ရှိသူများဖြစ်ပြီး သက်လတ်ပိုင်း နှင့်လူကြီးပိုင်းဟု ဆိုနိုင်ပါသည်။ ထိုအသက်အရွယ်အပိုင်းအခြားတွင်ရှိသော အမျိုးသားများ တစ်ပတ်ပျမ်းမျှ ကော်ဖီသောက်သုံးနှုန်းမှာ ၁၃.၉၄ ခွက်ဖြစ်ပြီး အမျိုးသမီးများမှာ ၁၃.၆၇ ခွက် သောက်သုံးကြသည့်အတွက် ၁၄ ခွက်နီးပါးရှိပါသည်။ အသက် ၂၅ မှ ၃၉ နှစ်ကြားအုပ်စုများမှ

အမျိုးသားများ၏ တစ်ပတ်ပျမ်းမျှကော်ဖီသောက်သုံးမှုသည် ၁၁.၀၃ ခွက်ဖြစ်ပြီး အမျိုးသမီးများမှာ ၈.၅၀ ခွက် သောက်သုံးကြပါသည်။

၃၀။ ဂျပန်နိုင်ငံတွင် လူကြိုက်အများဆုံး ကော်ဖီအမျိုးအစားမှာ ကျောက်မီးသွေးဖြင့် လှော်ထားသောကော်ဖီဖြစ်ပြီး ၎င်းနောက်တွင် Espresso ကော်ဖီသည် လူကြိုက်များကြောင်း တွေ့ရပါသည်။ စစ်တမ်းအရ အနာဂတ်တွင် ဂျပန်လူမျိုးတို့ သောက်သုံးလိုသော ကော်ဖီအမျိုးအစားသည် အော်ဂဲနစ်ကော်ဖီဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဂျပန်နိုင်ငံတွင် မြန်မာ့အထူးတန်းဝင် ကော်ဖီများကို ရောင်းချသော ကော်ဖီဆိုင်များနှင့် ကဖေးများစွာရှိပါသည်။ ရွာငံ၊ မိုးကုတ်၊ ဟိုပုန်းနှင့် ပင်လောင်းဒေသတို့မှ ကော်ဖီစေ့များကို အဓိကရောင်းချကြောင်း သိရှိရပါသည်။

၃၁။ ဂျပန်နိုင်ငံသည် ကော်ဖီတင်သွင်းခြင်းအတွက် MFN Duty ကို သုညရာခိုင်နှုန်း သတ်မှတ်ထားပါသည်။ ဂျပန်နိုင်ငံသို့ ကော်ဖီတင်သွင်းမည်ဆိုပါက United Nations Conference on Trade and Development (UNCTAD) ၏ International Classification on Non-tariff measures (2019 version) တွင် ပါဝင်သည့် သတ်မှတ်ချက် ၁၀ ချက်နှင့် ကိုက်ညီရမည်ဖြစ်ပါသည်။ အဆိုပါ Regulatory Requirements များအား ဇယား (၁၃) ဖြင့် တင်ပြအပ်ပါသည်။

**ဇယား(၁၃) ဂျပန်နိုင်ငံသို့ တင်ပို့ရန်အတွက် လိုအပ်ချက်များ**

| စဉ် | သတ်မှတ်ထားသည့် လိုအပ်ချက် | အရေအတွက် |
|---|---|---|
| (က) | A21 –Tolerance limits for residues of contamination by certain (non-microbiological) substances | ၁ |
| (ခ) | A22 – Restricted use of certain substances in foods and feeds and their contact materials | ၁ |
| (ဂ) | A31 – Labelling requirements | ၁ |
| (ဃ) | A41 – Microbiological criteria of the final product | ၁ |
| (င) | A42 – Hygienic practices during production related to SPS | ၂ |
| (စ) | A85 – Traceability requirements | ၁ |

| | | |
|---|---|---|
| (ဆ) | A86 – Quarantine requirement | ၁ |
| (ဇ) | B31 – Labelling requirements | ၁ |
| (ဈ) | C3 – Requirement to pass through specified port of customs | ၁ |
| | **Total Measure** | ၁၀ |

ဇစ်မြစ်။ ITC Market Access Map

**မြန်မာ့ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် လိုအပ်ချက်၊ အားနည်းချက်၊ အားသာချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ**

၃၂။ မြန်မာနိုင်ငံ၏ ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် လိုအပ်ချက်၊ အားနည်းချက်များအား အောက်ပါအတိုင်း တွေ့ရှိရပါသည် –

(က) တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုတွင်ကျယ်စွာ ထုတ်လုပ်နိုင်ရန်လိုအပ်ခြင်း၊

(ခ) နည်းပညာနှင့် ခေတ်မီစက်ကိရိယာများ အသုံးပြုနိုင်မှု အားနည်းခြင်း၊

(ဂ) နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ရန် အရည်အသွေးပိုင်း လိုအပ်ချက်များရှိခြင်း၊

(ဃ) စိုက်ပျိုးထုတ်လုပ်မှုအတွက် ကုန်ထုတ်လမ်းများဖောက်လုပ်ရန် လိုအပ်ခြင်း၊

(င) ကော်ဖီစိုက်ပျိုးထုတ်လုပ်သူတောင်သူများနှင့် MSME လုပ်ငန်းများအတွက် ငွေကြေးအရင်းအနှီးချေးငွေများ လိုအပ်ခြင်း၊

(စ) ဈေးကွက်နှင့်လုပ်ငန်းအတွက် လိုအပ်သည့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် အားနည်းခြင်း၊

(ဆ) ဆက်သွယ်ရေးအချက်အလက်များနှင့် သတင်းအချက်အလက်ရရှိမှု အားနည်းခြင်း။

၃၃။ မြန်မာနိုင်ငံ၏ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက်တွေ့ရှိရသော အားသာချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ကော်ဖီကို တိုးချဲ့စိုက်ပျိုးနိုင်သည့် မြေဧရိယာများရှိနေဆဲဖြစ်ခြင်း၊

(ခ) စိုက်ပျိုးထုတ်လုပ်မှုအတွက် ရာသီဥတုနှင့် ရေမြေသဘာဝကောင်းမွန်ခြင်း၊

(ဂ) နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ရန်အတွက် အတားအဆီးများနည်းပါးခြင်း၊

(ဃ) စီးပွားရေးသံမှူးများမှတစ်ဆင့် ဈေးကွက်များထိုးဖောက်ရရှိနိုင်ခြင်း။

၃၄။ အခွင့်အလမ်းများအနေဖြင့် အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးမှုအခြေအနေမှာကောင်းမွန်သော အနေအထားတွင် ရပ်တည်လျက်ရှိပြီး၊ မြန်မာ့ကော်ဖီကဏ္ဍသည် အစပျိုးအဆင့်မှ တိုးတက်ပြောင်းလဲ ရန်အတွက် အလားအလာရှိသည့် အခြေအနေ၌ရှိခြင်း၊

( ခ ) ကော်ဖီပို့ကုန်အနေဖြင့် တင်ပို့ရာတွင် လုပ်ထုံးလုပ်နည်း၊ တင်ပို့ရသည့်လုပ်ငန်းစဉ် ရှုပ်ထွေးမှုမရှိသည့်အပြင် ဈေးကွက်ရှိသော ပို့ကုန်ပစ္စည်းအမည်တစ်မျိုးဖြစ်ခြင်း၊

( ဂ ) မြန်မာ့ကော်ဖီသည် ဒေသတွင်းနိုင်ငံများအတွင်း၌ ဝယ်လိုအား၊ လိုအပ်ချက်နှင့် သောက်သုံးမှုမြင့်မားလာခြင်းနှင့်အတူ အရည်အသွေးမြင့်သော အထူးတန်းဝင် ထုတ်ကုန်အဖြစ်ဖွံ့ဖြိုးပြီး၊ ဈေးကွက်များ၌ရောင်းချရန် စိတ်ဝင်စားလျက်ရှိခြင်း၊

၃၅။ မြန်မာ့ကော်ဖီဖွံ့ဖြိုးရေးအတွက် စိန်ခေါ်မှုအခက်အခဲများအနေဖြင့် အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ကော်ဖီစိုက်ပျိုးရန် မြေကေများတွင် ပိုင်ဆိုင်မှုပဋိပက္ခများရှိနေခြင်း၊

( ခ ) တန်ဖိုးမြင့်ထုတ်ကုန်များအတွက် နည်းပညာနှင့် အရင်းအနှီးရရှိနိုင်မှု နည်းခြင်း၊

( ဂ ) လမ်းပန်းဆက်သွယ်မှုစသည့် Infrastructure များ အားနည်းခြင်း။

**သုံးသပ်အကြံပြုတင်ပြချက်**

၃၆။ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကော်ဖီစိုက်ဧကပေါင်း ၆၃၂၂၆ ဧကရှိပြီး မက်ထရစ်တန်ချိန်ပေါင်း ၉၈၁၁ တန်ကို ထုတ်လုပ်နိုင်ပါသည်။ ကမ္ဘာ့ကော်ဖီထိပ်တန်း တင်ပို့သည့် အာဆီယံနိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ လာအိုနိုင်ငံတို့နှင့် နှိုင်းယှဉ် ကြည့်မည်ဆိုပါက မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုမှာ နည်းပါးသည့် အခြေအနေဖြစ်ပါ သည်။ သို့သော်မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးသည့် ဧကများ နှစ်စဉ်တိုးတက်လာပြီး ထုတ်လုပ်မှု လည်း တိုးတက်လာကြောင်း တွေ့ရှိရပါသည်။

၃၇။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နောက်ပိုင်း မြန်မာ့ကော်ဖီတင်ပို့မှုသည် တိုးတက်လာသော်လည်း အတက်အကျများသည်ကို လေ့လာတွေ့ရှိရပါသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အထိ (၆) နှစ်တာကာလအတွင်း ကော်ဖီတင်ပို့မှုကို လေ့လာကြည့်မည်ဆိုပါက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်

သည် တင်ပို့မှုအကောင်းဆုံးနှစ်ဖြစ်ခဲ့ပြီး တန်ချိန် ၄၆၂ တန်၊ အမေရိကန်ဒေါ်လာ ၁၇.၈၃ သန်းအထိ တင်ပို့နိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၂၄၇၇ တန်၊ အမေရိကန်ဒေါ်လာ ၈.၄၀ သန်း တင်ပို့နိုင်ခဲ့သည့်အတွက် ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ထက်ဝက်ခန့် လျော့နည်းသွားကြောင်း တွေ့ရှိရပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၈၃၁ တန်၊ အမေရိကန်ဒေါ်လာ ၁၃.၈၈ သန်းတင်ပို့ နိုင်ခဲ့ပြီး တင်ပို့မှုပြန်လည်မြင့်တက်လာခဲ့ပါ သည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၁၉၇ တန်၊ အမေရိကန်ဒေါ်လာ ၅.၇၉ သန်း တင်ပို့နိုင်ခဲ့သည့်အတွက် အကောင်းဆုံးတင်ပို့နိုင်ခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ၇၄ ရာခိုင်နှုန်းခန့် တင်ပို့မှု လျော့နည်းခဲ့ကြောင်း လေ့လာတွေ့ ရှိရပါသည်။

၃၈။ International Trade Center မှ ရရှိသော ကုန်သွယ်မှုအချက်အလက်များအရ မြန်မာနိုင်ငံ အနေဖြင့် ၂၀၂၅ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့မှ ကော်ဖီတန်ချိန် ၃၈၅ တန်၊ အမေရိကန်ဒေါ်လာ ၃၈၅၀၀၀ ဖိုး တင်သွင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

၃၉။ အရည်အသွေးမြင့်မားသည့် အထူးတန်းဝင်ကော်ဖီကို ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံကို အရှေ့တိုင်း၏ ပနားမား (Oriental Panama) ဟု တင်စားခေါ်ဝေါ်ကြပါသည်။ မြန်မာနိုင်ငံ၏ အထူးတန်းဝင်ကော်ဖီကို ဂျာမနီဈေးကွက်၊ ဂျပန်ဈေးကွက်နှင့် ထိုင်းဈေးကွက်များသို့ တိုးမြှင့် တင်ပို့နိုင်ရန် အလားအလာကောင်းများစွာ ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ မြန်မာ့ကော်ဖီကို တိုးမြှင့်တင်ပို့နိုင်ရန်အတွက် “Coffee Fair & Exhibition” တွင် ပါဝင်ပြသခြင်း၊ တင်ပို့ရန်အလား အလာရှိသည့် နိုင်ငံများ၏ သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများအား စဉ်ဆက်မပြတ် လေ့လာသုံးသပ်ခြင်း၊ ပြန်လည်ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။ ထို့ပြင် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များမှ တာဝန်ရှိသူများအကြား စဉ်ဆက်မပြတ် ဆွေးနွေးညှိနှိုင်းခြင်း၊ လေ့လာသုတေသနပြုလုပ်ခြင်း တို့အား ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၄၀။ ထို့နောက် အဓိကကုန်သွယ်ဖက်နိုင်ငံများနှင့် ချိတ်ဆက်ကာ ပိုမိုအဆင်ပြေချောမွေ့မည့် နည်းလမ်းများအတွက် စေ့စပ်ညှိနှိုင်းခြင်း၊ နှစ်နိုင်ငံအကြား ကော်ဖီနှင့်ပတ်သက်၍ ကုန်သွယ်မှု ဆိုင်ရာသဘောတူစာချုပ်များ ဖော်ဆောင်နိုင်မည့်နည်းလမ်းများ ဖော်ထုတ်အကောင်အထည် ဖော်ခြင်းတို့ကိုလည်း ဆောင်ရွက်သွားသင့်ပါသည်။

၄၁။ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရန်အတွက် တရားဝင်မြေယာမှတ်ပုံတင်ခြင်းနှင့် ပိုင်ဆိုင်မှုကို ခိုင်မာအောင် ပြုလုပ်ပေးခြင်း၊ လူထုအခြေပြုသစ်တောလုပ်ငန်း (Community Forestry-CF) စနစ်ကို ကျင့်သုံးခြင်း၊ သစ်တောစိုက်ပျိုးရေးစနစ် (Agroforestry) ဖြင့် ရေရှည်တည်တံ့အောင် စိုက်ပျိုးခြင်း၊ Farming) ကို စနစ်တကျ ကျင့်သုံးခြင်းတို့ကို ဆောင်ရွက်သွားသင့်ပါသည်။ ထို့ပြင် တန်ဖိုးမြှင့်ကော်ဖီထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာနှင့် အရင်းအနှီးများ ရရှိနိုင်စေရန် ဆောင်ရွက်ပေးခြင်း၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုး တက်အောင်ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**နိဂုံး**

၄၂။ မြန်မာနိုင်ငံသည် သဘာဝရာသီဥတုကောင်းမွန်မှု၊ တောင်တန်းဒေသမြေဆီလွှာ အရည်အသွေးမြင့်မားမှု၊ ယဉ်ကျေးမှုအမွေအနှစ်ကြွယ်ဝမှု၊ မြန်မာ့ကော်ဖီ၏ အရည်အသွေး မြင့်မားမှုနှင့် ထူးခြားသော အရသာတို့ကြောင့် နိုင်ငံတကာအထူးတန်းဝင် (Specialty Coffee) ထုတ်လုပ်ရေးနှင့်ကော်ဖီအခြေပြုခရီးသွားလုပ်ငန်း (Coffee-based Tourism) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းသော နိုင်ငံတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံကော်ဖီကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဆောင်ရွက်ပေးသင့်သည့် အချက်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ နှောင့်နှေးကြန့်ကြာခြင်း မရှိစေဘဲ စီမံဆောင်ရွက်ပေးရန် လိုအပ်မည် ဖြစ်ပါသည်။ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ကော်ဖီလုပ်ငန်းရှင်များ အနေဖြင့်လည်း မိမိတို့၏ ရေရှည်အကျိုးစီးပွားကိုမျှော်မှန်းပြီး မြေယာလုပ်ပိုင်ခွင့် အသုံးပြုခွင့်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

၄၃။ မြန်မာ့ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် လူမှုအဖွဲ့အစည်းများအားလုံးပါဝင်သည့် Public Private Partnership-ppp ပုံစံဖြင့် တက်ညီလက်ညီ ဆောင်ရွက်သွားကြမည်ဆိုပါက အရှေ့တောင်အာရှတွင် ထိပ်တန်းကော်ဖီစိုက်ပျိုး ထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဖြစ်ပြီး ကော်ဖီအခြေပြုခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ နိုင်ငံ့ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**ကျမ်းကိုးစာရင်း**


၁။ ကော်ဖီ-၂၀၂၂၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၂။ မြန်မာ့ကော်ဖီ၊ ကုန်သွယ်ရေးဖြစ်နိုင်ချေရှိမှုအခြေအနေလေ့လာခြင်း အစီရင်ခံစာ၊ ASEAN-JAPAN CENTER.

၃။ Central Statistical Organization, *"Myanamar Statistical Year Book-2025"*.

၄။ U.S Department of Agriculture. https://www.fas.usda.gov/data/production/0440000. Accessed on 24th March 2026.

၅။ ITC Trade Map. https://www.trademap.org/?redirectFromMobile=true

၆။ Europian Commission. https://trade.ec.europa.eu/access-to-markets/en/content/ sources

၇။ Index Mundi.https://www.indexmundi.com/commodities/

၈။ The German market potential for coffee. https://www.cbi.eu/market-information/coffee/germany/market-potential

၉။ Coffee consumption surges as Thai market defies economic slump. https://www.nationthailand.com/business/economy/40053517

၁၀။ https://www.mapchart.net/asia-detailed.html